**CHIN NATIONAL FRONT**

**General Headquarters**

**Chinland**

**Website:** www.cnfhqr.com **Email:** cnf.headquarters@gmail.com


## ချင်းအမျိုးသားတပ်ဦးမှ
## (၆၅) နှစ်မြောက် ကချင်တော်လှန်ရေးနေ့သို့ ပေးပို့သော သဝဏ်လွှာ
## ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ (၅) ရက်

ပင်လုံကတိကဝတ်များ ချိုးဖောက်ခံခဲ့ရပြီးနောက် လူမျိုးရေးနှင့် ဘာသာရေး ဖိနှိပ်မှုများကို တော်လှန်ဆန့်ကျင်ပြီး ကိုယ့်ကြမ္မာကိုယ် ဖန်တီးရေးအတွက် ကချင်အမျိုးသားတို့၏ တော်လှန်ရေး တပ်မတော်ဖြစ်သော ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ကို ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၅) ရက်နေ့တွင် ဖွဲ့စည်းခဲ့ရာ ယနေ့တွင် (၆၅) နှစ် ပြည့်မြောက်ပြီဖြစ်သည်။

(၆၅) နှစ်တာ တော်လှန်ရေးကာလအတွင်း အသက်သွေးချွေးနှင့် ကိုယ်လက်အင်္ဂါ ပေးလှူခဲ့ကြကုန်သော ကချင်အာဇာနည် ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းကို ဂုဏ်ယူလေးစားမှု အပြည့်ဖြင့် ဦးညွှတ်အလေးပြုပါသည်။

ကချင်တော်လှန်ရေး စတင်သည့် အချိန်မှစ၍ ယနေ့အချိန်ထိ တော်လှန်ရေးအင်အားစု မြောက်များစွာကို ဖေးမတွဲကူကာ စံနမူနာကောင်းဖြင့် ဦးဆောင်တိုက်ပွဲဝင်လျက်ရှိသော ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)၊ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) အား ဂုဏ်ယူလေးစားပါကြောင်း ဖော်ပြလိုပါသည်။ KIO/KIA အနေဖြင့် ကချင်အမျိုးသားတော်လှန်ရေး ရည်မှန်းချက်နှင့် ဤပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြကုန်သော တော်လှန်ပြည်သူတရပ်လုံး၏ ရည်မှန်းချက်များ ပြည့်မြောက်သည်အထိ ဆက်လက်ဦးဆောင် တိုက်ပွဲဝင်နိုင်ပါစေကြောင်း ဆန္ဒပြု ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချင်းအမျိုးသားတပ်ဦးသည် မိမိတို့၏ ညီရင်းအစ်ကိုဖြစ်သော ကချင်လူမျိုးတို့နှင့် တော်လှန်တွဲလက်များ ပိုမိုခိုင်မြဲစေပြီး ကချင်အမျိုးသားတော်လှန်ရေး ရည်မှန်းချက်နှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေး ရည်မှန်းချက်များ အောင်မြင်သည်အထိ အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး


Chin National Front – General Headquarters, Chinland